ParentsNext

AN AUSTRALIAN GOVERNMENT INITIATIVE

# ParentsNext က ကြိုဆိုပါတယ်



# သင့်ရဲ့ မိသားစု၊ လေ့လာသင်ယူမှုနဲ့ အလုပ်အကိုင် ရည်မှန်းချက်များကို ချိန်ဆ ထိန်းညှိခြင်း

ParentsNext တွင် ပါဝင်ခြင်းဖြင့် အကျိုးကျေးဇူးများစွာ ရနိုင်ပါတယ်။ **ParentsNext အတိုင်ပင်ခံတွေက အနာဂတ်အတွက်** အစီအစဉ် ရေးဆွဲဖို့ သင့်ရဲ့ ယုံကြည်မှုကို မြှင့်တင်ပေးခြင်း၊ ကျွမ်းကျင်မှုများ ရရှိစေခြင်းနဲ့ ဒေသတွင်းက ထောက်ပံ့မှုနဲ့ ဝန်ဆောင်မှုများကို ရယူခြင်းတို့အတွက် သင်နဲ့အတူတကွ **စဉ်းစားပေးပြီး အကူအညီပေးပါတယ်။**

အစီအစဉ်ထဲမှာ သင်ရှိနေစဉ်မှာ အလုပ်ရှာဖို့ မလိုပါဘူး။ ဒါပေမဲ့ သင်က အလုပ်ရှာဖွေဖို့ အဆင်သင့်ဖြစ်ပြီ၊ အလုပ်ရှာချင်ပြီဆိုရင် သင့်ရဲ့ **အတိုင်ပင်ခံက ကူညီပေးပါလိမ့်မယ်။**

ဒါကြောင့် အခုကြည့်ရင်တော့ လေ့လာသင်ယူဖို့နဲ့ အလုပ်အကိုင်ရဖို့က အလှမ်းဝေးနေသလို ထင်ရပေမဲ့ ParentsNext  မှာ ပါဝင်ထားတဲ့အတွက် **အချိန်ကျလာတဲ့အခါမှာ** ပေါ်ပေါက်လာတဲ့ အခွင့်အရေးကို အရယူဖို့ သင့်ကို ပိုမိုကောင်းမွန်တဲ့ အနေအထားကို ရောက်ရှိစေပါတယ်။



# ParentsNext က ဘယ်လို အလုပ်လုပ်သလဲ

မိဘအုပ်ထိန်းမှု အထောက်အပံ့ကို ဆက်လက်ရရှိဖို့ ParentsNext အစီအစဉ်မှာ ပါဝင်ရင် သင့်ကို **အဓိက** လုပ်ငန်း (၄) မျိုး လုပ်ခိုင်းပါလိမ့်မယ်။





၁.

## ချိန်းဆိုထားမှုတွေကို တက်ရောက်ခြင်း

သင့်ရဲ့ ParentsNext ချိန်းဆိုထားမှုတွေက သုံးလ တစ်ခါတိုင်း **လူချင်းတွေ့ရမှာ ဖြစ်ပါတယ်။**

သင့်ရဲ့ အတိုင်ပင်ခံက သင်ပြောတာကို **နားထောင်ပြီး သင်ဘာကို အောင်မြင်** ပြီးမြောက်ချင်တယ်ဆိုတာကို သင်ဆုံးဖြတ်ရာမှာ အကူအညီပေးပါတယ်။ သူတို့က သင့်ရဲ့ နောက်ထပ်ခြေလှမ်းတွေ အစီအစဉ်ရေးဆွဲရာမှာ ကူညီပေးမှာပါ။

၂.

## လုပ်ငန်းများကို ရွေးချယ်ခြင်း

အလုပ်အတွက် အဆင်သင့်ဖြစ်ဖို့ သင်က ပြင်ဆင်ရာမှာ **အကူအညီဖြစ်စေမယ့်** လုပ်ငန်းတွေကို သင့်ရဲ့ အတိုင်ပင်ခံက ကူညီရွေးချယ်ပေးပါလိမ့်မယ်။

ဒီလုပ်ငန်းတွေက သင့်မိသားစုဘဝနဲ့ အဆင်ပြေပြီး **သင်အောင်မြင် ပြီးမြောက်ချင် တဲ့ကိစ္စနဲ့လည်း ဆက်စပ်မှု ရှိရပါမယ်။**

“

*ParentsNext ကို မလာခင်က ကိုယ်လုပ်ချင်တဲ့ ကိစ္စအတွက် ရည်မှန်းချက်လည်း မရှိ၊ ဒါမှမဟုတ် စီမံချက်လည်း မရှိခဲ့ပါဘူး။ ..... ကျွန်တော့်ရဲ့ အဓိက ရည်မှန်းချက်ကတော့ စီးပွားရေး သင်တန်း ပြီးအောင်တက်ပြီး အိမ်မှာ ကိုယ်ပိုင် သံဆိုင်ဖွင့်မယ်၊ အဲဒီက စမယ်လို့ ရည်ရွယ်ခဲ့တာပါ။”*

Patrice, ParentsNext parent မိဘတစ်ဦး



## ၃.

## အစီအစဉ် ရေးဆွဲပြီး သဘောတူခြင်း

သင့်ရဲ့ ParentsNext အတိုင်ပင်ခံက သင့်ရဲ့ **ပါဝင်ဆောင်ရွက်မှု အစီအစဉ်** ရေးဆွဲရာမှာ ကူညီပါလိမ့်မယ်။

ဒီအစီအစဉ်က သင်ပြုလုပ်ဖို့ **သဘောတူတဲ့ လုပ်ငန်းတွေ၊** အစီရင်ခံမှုတွေနဲ့ ချိန်းဆိုမှုတွေကို စဉ်းစားဖေါ်ထုတ် ပေးပါလိမ့်မယ်။



## ၄.

## အစီရင်ခံခြင်း

**သင်က စင်တာလင့်ခ်ကို နှစ်ပါတ်တကြိမ် အမြဲတမ်း သတင်းပို့ရပါမယ်။**

သင့်ရဲ့ အတိုင်ပင်ခံက **ParentsNext** ကိုလည်း **သတင်းပို့ဖို့**လိုမလားဆိုတာ သင့်ကို ပြောပါလိမ့်မယ်။

သင့်ရဲ့ အတိုင်ပင်ခံက ဘယ်အချိန်မှာ ဘယ်လို သတင်းပို့ရမလဲဆိုတာ ပြောပါလိမ့်မယ်။

*“ParentsNext က ကျွန်မကို ကောလိပ်တက်ပြီး ၁၁ တန်းနဲ့ ၁၂ တန်း ပြီးဖို့ အကူအညီပေးခဲ့ပါတယ်။ ကောလိပ် အတန်းကြီးမှာ အခမဲ့ ကလေးထိန်းပေးတဲ့ ဝန်ဆောင်မှုရှိတဲ့အတွက် ကျွန်မ အတန်းထဲမှာ ရှိနေတုံး ကျွန်မကလေးတွေကို ကြည့်ထားပေးကြတယ်။ ဒီလိုလုပ်ပေးတာ ကျွန်မအတွက် အများကြီး အထောက်အကူဖြစ်စေပါတယ်။”*

Ashleigh, ParentsNext parent မိဘတစ်ဦး

# ParentsNext ကို အကျိုးအရှိဆုံး အသုံးချခြင်း

## အကယ်၍ ကူညီထောက်ပံ့မှု ပိုမို လိုအပ်ပါက

မိဘများနဲ့ ပြုစုစောင့်ရှောက်သူတွေက ဘဝမှာ **အဖြစ်အပျက် အပြောင်းအလဲတွေ အများကြီး ရှိခဲ့ကြနိုင်ပါတယ်။** တကယ်လို့ သင့်အိမ်မှာ ပြဿနာတွေရှိရင် ဒါမှမဟုတ် သင်နေမကောင်းဘူးဆိုရင် သင့်ရဲ့ ParentsNext အတိုင်ပင်ခံနဲ့ကို ပြောပြပါ။ **အထောက်အပံ့ ရနိုင်ပါတယ်။** ပြီးတော့ တကယ်လို့ လိုအပ်ရင် သင့် အစီအစဉ်က ခဏ နားနိုင်ပါတယ်။

## တိုင်ကြားခြင်း သို့မဟုတ် အတိုင်ပင်ခံ ပြောင်းလဲခြင်း

ParentsNext နဲ့ ပတ်သက်ပြီး ပြဿနာရှိရင် သင့်ရဲ့ အတိုင်ပင်ခံကို ပြောပြနိုင်ပါတယ်။ သင့် အတိုင်ပင်ခံနဲ့ စကားပြောလို့ အဆင်မပြေဘူးဆိုရင် အမျိုးသား စားသုံးသူ ဝန်ဆောင်မှု လမ်းကြောင်း **1800 805 260** (ကြိုးဖုန်းဖြင့် ဆက်လျှင် အခမဲ့) ကို ဆက်သွယ်ပါ။ ဒါမှမဟုတ် **ParentsNext** ဝက်ဘ်ဆိုဒ်ကို သွားရောက်ပြီး **Complaints, Compliments and Suggestions (တိုင်ကြားချက်များ၊ ချီးကျူးချက်များနှင့် အကြံပြုချက်များ)** ပုံစံ ကို ဖြည့်သွင်းပါ။

## သင့် အစီအစဉ်အတိုင်း လိုက်နာခြင်း

မိဘအုပ်ထိန်းမှု ထောက်ပံ့ငွေ ဆက်ရဖို့ဆိုရင် **ချိန်းဆိုတဲ့ ရက်တွေမှာ တက်ရောက်ဖို့၊ သဘောတူထားတဲ့ လုပ်ငန်းတွေကို** လုပ်ဆောင်ဖို့နဲ့ သင့်ရဲ့ တိုးတက်မှုတွေကို အစီရင်ခံဖို့ အလွန် အရေးကြီးပါတယ်။ တစ်ခုခုဖြစ်လို့ မတက်ရောက် နိုင်ဘူးဆိုရင် ဒါမှမဟုတ် အစီရင်မခံ နိုင်ဘူးဆိုရင် ထောက်ပံ့မှု ဆိုင်းငံ့ထားတာမျိုးမဖြစ်အောင် **အတိုင်ပင်ခံကို ချက်ချင်း အကြောင်းကြားပါ။**

# သင့်အတွက် သတင်းအချက်အလက်

သင့်ရဲ့ ကိုယ်ရေးအချက်အလက်တွေကို Privacy Act 1988 (ကိုယ်ရေးလွတ်လပ်ခွင့်ဥပဒေ ၁၉၈၈) နဲ့ လူမှုဖူလုံရေး ဥပဒေ အပါအဝင် ဥပဒေများနဲ့ ကာကွယ်ပေးထားပါတယ်။

သင့်ရဲ့ ParentsNext  အတိုင်ပင်ခံက သင့်ရဲ့ ကိုယ်ရေး အချက်အလက်တွေကို ဘယ်လိုအသုံးပြုမယ်ဆိုတာ ဖေါ်ပြထားတဲ့ Privacy Notification and Consent (ကိုယ်ရေးသတိပေးလွှာနှင့် သဘောတူညီချက်) ပုံစံ ကို ပေးပါလိမ့်မယ်။

# ဘာသာပြန် ဝန်ဆောင်မှု

အင်္ဂလိပ်လိုပြောဖို့ ဒါမှမဟုတ် နားလည်ဖို့ အကူအညီ လိုရင် ဘာသာပြန် ဝန်ဆောင်မှု (**TIS**  နိုင်ငံအဆင့်) **131 450** ကို **ခေါ်ဆိုရင် ဒေသတွင်း ခေါ်သလောက်ပဲ ကုန်ကျပါတယ်။** **သတင်းအချက်အလက်တွေကို** ဘာသာပြန်ပေးဖို့ လိုအပ်ရင် အမျိုးသားအဆင့် စားသုံးသူဝန်ဆောင်မှုလိုင်းကို ခေါ်ဆိုပေးဖို့ သူတို့ကို ပြောပါ။ ဒါမှမဟုတ် ဘာသာမျိုးစုံ သတင်းအချက်အလက်တွေလိုချင်ရင် ParentsNext ဝက်ဘ်ဆိုဒ်ရဲ့  အရင်းအမြစ်များ စာမျက်နှာကို သွားရောက် ကြည့်ရှုပါ။

**သတင်းအချက်အလက်တွေ ပိုမို သိချင်ရင် www.employment.gov.au/parentsnext ကို သွားရောက် ကြည့်ရှုပါ။**

ParentsNext
AN AUSTRALIAN GOVERNMENT INITIATIVE